လူတစ်ယောက်သည် ဟိုတယ်တစ်ခုတွင် **Check-in** ဝင်ပြီးသသည့်နောက် သူနေရမည့် အခန်းသို့ ဝင်သွားသည်။ အခန်းထဲတွင် ကွန်ပျူတာတစ်လုံးကို တွေ့သော အခါ ဖမ်းသာအားရ သူ၏ ဇနီးသည် ထံသို့ **email** တစ်စောင် ပို့လိုက်သည်။ ဒါပေမယ့် **email** မှာ လိပ်စာမှားသွားသည်ကို သတိမထားမိလိုက်ချေ။

မြို့တစ်မြို့၏ နေအိမ်တစ်ခုတွင် လင်ယောကျ်ားဆုံးသွား သဖြင့် ပူဆွေးနေသော မုဆိုးမ တစ်ယောက် **email** စစ်နေသည်။ ခဏနေတော့ သူမ၏ သား အခန်းထဲ ဝင်လာရာ **email** ဖတ်ရင်း လဲကျနေသော သူ၏ မိခင်ကို တွေ့ရလေသည်။

အမေဖွင့်ထားသော **email** မှာ

**သို့**
အချစ်ကလေး

အကြောင်းအရာ။ ကောင်းကောင်းမွန်မွန်ရောက်ရှိကြောင်း
နေ့စွဲ။ ၅ ဩဂုတ် ၂၀၀၈

အချစ်ကလေးရေ။ မောင့်စာကို ဖတ်လိုက်ရလို့ အံ့ဩသွားလား။ သူတို့ မောင့်ကို ကွန်ပြူတာ ပေးသုံးပြီး ချစ်တဲ့သူတွေဆီ **email** ပေးပို့တယ်။ မောင်အခုပဲ ဒီကို ရောက်ပြီး **Check-In** လုပ်လိုက်တယ်။ မနက်ဖြန်ရောက်လာမဲ့ အချစ်လေးအတွက် သူတို့ သေချာ ပြင်ဆင်ထားတာ တွေ့တယ်။

မနက်ဖြန်တွေ့ကြရအောင်နော်
ချစ်တဲ့
မောင်